သင်ခန်းစာ (၁၇)

# Gender Action
## လိင်ကွဲပြားမှုအပေါ် ခွဲခြားဆက်ဆံခံရခြင်း အဖြစ်အပျက်

ရည်ရွယ်ချက်

- အမျိုးသမီးများကြုံတွေ့ရလေ့ရှိသော လိင်ခွဲခြားဆက်ဆံခံရခြင်း အဖြစ်အပျက်များကို ရှာဖွေလေ့လာ၍ သတိပြုမိတတ်စေရန်၊
- ထိုလိင်ခွဲခြားဆက်ဆံမှုများ ပပျောက်စေရန်အတွက် နည်းလမ်းများကို ထုတ်ဖော်တတ်စေရန်၊
- ထိုနည်းလမ်းများကို ပြန်လည်အသုံးချရာတွင် မိမိသတိထားသင့်သည့် အချက်များကို ပြင်ဆင်ထားတတ်စေရန်၊

**Activity** (လှုပ်ရှားမှု)

- သင်တန်းသားများကို အုပ်စုလေးစုခွဲပါ။
- ဖော်ပြပါ မာလာ၏အကြောင်းအရာကို သင်တန်းသားများအား ဝေငှပေး၍ အစအဆုံးဖတ်ခိုင်းပါ။
- အားလုံး အစအဆုံးဖတ်ပြီးလျှင် တဖွဲ့ကို အပိုဒ်တပိုဒ်စီ ဂရုတစိုက်ပြန်ဖတ်ခိုင်းပါ။

မာလာ၏ အဖြစ်အပျက်

မာလာသည် မောင်နှစ်မခြောက်ယောက်တွင် အငယ်ဆုံးမိန်းကလေးဖြစ်သည်။ သူမတွင် အကိုလေးယောက်နှင့် အမတစ်ယောက်ရှိသည်။ သူမ၏မိသားစုသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသူများဖြစ်သည်။ မိသားစုမှာ စီးပွားရေးအဆင်မပြေသဖြင့် တခါတရံတွင် မိသားစုအားလုံးလောက်ငှအောင်ပင် မစားနိုင်ပေ။ ထိုအခါမျိုးတွင် မိသားစုတွင် ဖခင်ဖြစ်သူနှင့် အကိုလေးယောက်ကို ဦးစားပေးကျွေး၍ မာလာနှင့်အမဖြစ်သူက နောက်မှ၊ မိခင်ဖြစ်သူကနောက်ဆုံးမှ ကျန်သည့်အစားအစာများကို စားရလေ့ရှိသည်။ မာလာသည် အသက်နှင့်မလိုက်အောင် သေးကွေးပိန်လှီလျက်ရှိသော်လည်း ဘယ်သူကမှ သူမကိုဂရုမစိုက်ကြပါ။

အသက်ခြောက်နှစ်တွင် မာလာကျောင်းတက်ရသည်။ သို့သော် ကျောင်းနှစ်နှစ်တက်အပြီး မိသားစု၏ စီးပွားရေးအခြေအနေကြောင့် မာလာကျောင်းမှ ထွက်လိုက်ရသည်။ အကိုဖြစ်သူလေးယောက်မှာ ကျောင်းဆက်တက်ကြပြီး အမဖြစ်သူနှင့် မာလာတို့မှာ အိမ်တွင်မိခင်ကိုကူညီခြင်း၊ လယ်ယာတွင်ကူညီခြင်းများ လုပ်ကိုင်သည်။ မာလာအသက် (၁၂)နှစ်ရောက်သောအခါ လယ်ယာအထွက်ကောင်းလာသဖြင့် အိမ်၏စီးပွားရေး ပိုမိုကောင်းမွန်လာသော်လည်း မာလာကိုကျောင်းပြန်မထားတော့ပါ။ ဖခင်ဖြစ်သူက ခွင့်မပြုပါ။ တက်ရမည့်ကျောင်းသည် မာလာတို့အိမ်နှင့် ဝေးလွန်းလှသည်။ အပျိုပေါက်ဖြစ်နေသော မာလာကို အခြားယောကျ်ားလေးများနှင့် အတူကျောင်းတက်မည်ကို စိတ်မချဟုဆိုသည်။ မကြာခင်မာလာ့ကို အိမ်ထောင်ပြုပေးတော့မည်ဖြစ်၍ အိမ်ထောင်မကျမီ တခုခုဖြစ်သွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်ဟု ဖခင်ကဆိုပါသည်။ အိမ်ထောင်ဖက်က ရှာကျွေးမည်ဖြစ်၍ မာလာအနေဖြင့် ကျောင်းတက်ရန်မလိုဟုလဲ ဆိုပါသည်။ ထိုအချိန်တွင် မာလာ၏အမဖြစ်သူ သီတာမှာလည်း အသက် (၁၇)နှစ်သာရှိသေးသော်လည်း အိမ်ထောင်ကျနေပြီး ကလေးတယောက်ပင် ရနေပြီဖြစ်သည်။

အသက် (၁၅)နှစ်တွင် မာလာ့ကို မိဘများက စိုးအောင်နှင့် အိမ်ထောင်ချပေးလိုက်သည်။ လေးလအတွင်း မာလာကိုယ်ဝန်ရှိခဲ့သည်။ အသက် (၁၈)နှစ်တွင် မာလာမှာ ကလေးသုံးယောက်ရှိနေပြီဖြစ်သည်။ သူမသည် အမြဲမောပမ်းနေတတ်ပြီး ကျန်းမာရေးလည်းမကောင်း၊ စိတ်ထဲတွင် အထီးကျန်သလိုခံစားနေရလျက်ရှိပြီး စိတ်အားငယ်နေတတ်သည်။ မာလာသည် စာကောင်းစွာမတတ်သော်လည်း အခြားသူများ၏ပြောပြချက်အရ သန္ဓေကိုတားဆီး၍ရကြောင်း သိလာသည်။ ယောကျ်ားဖြစ်သူစိုးအောင်ကို ထိုသို့သန္ဓေတားဆီးရန်၊ သို့မှသူမ အနားယူနိုင်မည်ဟု ပြောပြသောအခါ စိုးအောင်ဒေါသထွက်ပြီး သူမကိုရိုက်နှက်ပါသည်။ မွေးလာသမျှကလေး တွေထဲမှာ ယောကျ်ားလေးမပါသေးသဖြင့် နောက်ထပ်ကလေးလို၍ သန္ဓေတားခြင်းသည် သဘာဝမကျ၍ဟုဆို သည်။ မာလာမှာ နောက်ထပ်ဒီအကြောင်းကို ပါးစပ်မဟရဲတော့ပါ။

မာလာ၏ကျန်းမာရေးမှာ တနေ့တခြားပိုဆိုးလာသည်။ ဆေးခန်းကို မကြာခဏသွားရသည်။ ဆေးခန်းမှ ဆရာမများက ကိုယ်ဝန်မယူသင့်သဖြင့် လိင်ဆက်ဆံပါက လိင်တံစွပ်ကိုသုံးရန် အကြံပေးသည်။ အကြံပေးသည့် အတိုင်းမလုပ်သဖြင့် မာလာကိုစိတ်ဆိုးကြသည်။ မာလာက ထိုသို့သုံးခြင်းသည် ပြည့်တန်ဆာများသာ သုံးသည်ဟုယူဆသဖြင့် မသုံးချင်သလို စိုးအောင်ကလည်း လက်ခံမည်မဟုတ်ဟု သိနေပြီးသားဖြစ်သည်။ ဒီလိုနှင့် စတုတ္ထမြောက်ရင်သွေးလေးကို မွေးဖွားလာရာ ထိုရင်သွေးလေးမှာ ယောကျ်ားလေးဖြစ်သည်။ စိုးအောင် မှာ အလွန်ကျေနပ်သွားခဲ့ပြီး နောက်ထပ် ယောကျ်ားလေးနှစ်ယောက်လောက် ထပ်ယူအုံးမည်ဟုဆိုသည်။ မာလာမှာတော့ ပိုမိုစိတ်ဆိုးဝမ်းနည်းကာ ပင်ပမ်းရင်မောနေမိတော့သည်။

## **Discussion** (အပြန်အလှန်ဆွေးနွေးခြင်း)

ထိုအုပ်စုလေးစုအတိုင်း အောက်ပါအချက်များကို ဝိုင်းဝန်းဆွေးနွေးခိုင်းပါ။

- အဖွဲ့လိုက် မိမိတာဝန်ကျသည့်အပိုဒ်တွင်ပါဝင်သည့် အမျိုးသမီးဖြစ်သည့်အတွက် လိင်ခွဲခြားဆက်ဆံခံရ သည့် အချက်များကို ဖော်ထုတ်ပါ။
- ထို့နောက် ထိုအဖြစ်အပျက်များဖြစ်ရသည့် အကြောင်းရင်းများကို ဝိုင်းဝန်းစဉ်းစားခိုင်းပါ။
- ထို့နောက် အဖွဲ့လိုက်တင်ပြခိုင်းပါ။

## **Input** (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

- ဗဟုသုတများပေးရာတွင် သင်တန်းပို့ချသူများအနေဖြင့် မိမိသိထားသည့် လိင်ခွဲခြားသည့် အဖြစ်အပျက် များကို အစပျိုး၍ သင်တန်းသားများ၏ အတွေ့အကြုံများထဲမှ အဖြစ်အပျက်များကို တင်ပြလာစေရန် လမ်း ညွှန်ပေးပါ။

## **Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

- အုပ်စုသုံးစုပြန်ခွဲပါ။
- ထိုအုပ်စုများကို မာလာကဲ့သို့အဖြစ်မျိုး အမျိုးသမီးများမကြုံတွေ့ရအောင် မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံ တော် အဆင့်တွင် ဘယ်လိုလုပ်ဆောင်သင့်ကြောင်း တဖွဲ့လျှင်တခုဆွေးနွေး၍ တင်ပြခိုင်းပါ။

## **Synthesis** (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)

- သင်တန်းသားများကို လိုင်းနှစ်လိုင်းခွဲ၍ အတွဲလိုက် မျက်နှာချင်းဆိုင် မတ်တပ်ရပ်ခိုင်းပါ။

- ပထမလိုင်း(က)သည် ထိုအဖြစ်အပျက်ထဲမှ မာလာကိုဆေးကုပေးသည့် ဆေးဆရာမဖြစ်သည်။ မာလာ၏ ကျန်းမာရေးမကောင်းမှုကို ဆေးဆရာမက အလွန်စိုးရိမ်မိသည်။ နောက်ထပ်ကလေး ထပ်ယူမည်ဆိုလျှင် မာလာ၏အသက်ပင် ထိခိုက်နိုင်သည်ကိုသိသည်။ ထို့ကြောင့် မိသားစုစီမံကိန်းနည်းဖြင့် ကလေးကိုတားဆီးရန် စိုးအောင်ကို အကြံပေးလိုသည်။ ထို့ကြောင့် နောက်ထပ်ကလေးမယူရန် စိုးအောင်ကို သွားရောက်ဖြောင်းဖျရမည်ဖြစ်သည်။ ဘယ်လိုပြောဆို ချဉ်းကပ်မလဲဆိုသည်ကို စဉ်းစားပြင်ဆင်ခိုင်းပါ။

- လိုင်း(ခ)သည် စိုးအောင်ဖြစ်သည်။ စိုးအောင်သည် သားယောကျ်ားလေး နောက်ထပ်လိုချင်သေးသည်။ ဖခင်၏အမွေကို ဆက်ခံနိုင်ရန် သားယောကျ်ားလေး များများလိုချင်သည်။ ဆေးဆရာမတယောက်က စိုးအောင်၏ မိန်းမမာလာကို နောက်ထပ်ကလေး မမွေးဖို့လာပြောသည်။ ဘယ်လိုတုန့်ပြန်မလဲဆိုတာကို စဉ်းစားပြင်ဆင်ထားခိုင်းပါ။

- ထိုလိုင်းနှစ်လိုင်းစလုံးမှ သူများကို ဘယ်လိုပြောဆိုမလဲ အချိန်ပေး၍ စဉ်းစားခိုင်းပါ။ အဆင်သင့်ဖြစ်ပြီဆိုပါက စတင်၍ပြောပါစေ။
- သင်တန်းပို့ချသူအနေနှင့် အတွဲတတွဲအနားတွင်ရပ်၍ နားထောင်ခြင်းမလုပ်ဘဲ အားလုံးကိုလိုက်၍ အကဲခတ်ပါ။ အကယ်၍ အတွဲလိုက်ပြောကြားမှုများ လေသံလျော့သွားပြီး ရပ်သင့်ပြီဟုယူဆပါက ရပ်ခိုင်းပါ။
- သွားရောက်ပြောဆိုသည့် လိုင်း(က)မှလူများအား ဘယ်လိုခံစားရလဲ၊ ဘာကြောင့်အခုလို ခံစားရသလဲမေးပါ။ အားလုံးအာရုံစူးစိုက် နားထောင်ပါစေ၊ တယောက်မကျန်ပြောနိုင်အောင် လမ်းဖွင့်ပါ။
- ထို့နောက် လိုင်း(ခ)မှလူများကို လာပြောသောလိုင်း(က)မှသူများကနေ၍ သူတို့စိတ်ပြောင်းချင် လာအောင်လုပ်သွားနိုင်သော အမူအယာ၊ အပြောအဆို၊ ချဉ်းကပ်မှုများကို မေး၍ မှတ်တမ်းတင်ပါသည်။
- ထို့နောက် ဘယ်အမူအယာ၊ အပြောအဆို၊ ချဉ်းကပ်မှုများက ကောင်းမွန်သောပုံစံများ မဟုတ်ဘူးလဲဟု မေးမြန်း၍ သင်ပုန်းတွင်မှတ်တမ်းတင်ပါသည်။
- ထို့နောက် လိုင်း(က)မှလူများကို လိုင်း(ခ)အဖြစ်၊ လိုင်း(ခ)မှ လူများကိုလိုင်း(က)အဖြစ်ပြောင်းလဲ၍ ယခင်လုပ်ခဲ့သည့် အဆင့်အတိုင်းပြန်သွားပါသည်။ ထွက်ပေါ်လာသော အချက်အသစ်များကို သင်ပုန်းတွင် မှတ်တမ်းတင်ပါသည်။
- လိုင်းနှစ်လိုင်းလုံးပြီးပါက အားလုံး သင်ပုန်းတွင်ရေးထားသော ကောင်းသည့်အချက်များနှင့် မကောင်းသည့်အချက်များကို ဝိုင်းဝန်းလေ့လာ၍ ဆွေးနွေးပါသည်။

*(ထိုနည်းအသုံးပြုရာတွင် သတိထားရမည့်အချက်များကို သရုပ်ဆောင်ခြင်းဆောင်းပါးတွင် လေ့လာနိုင်ပါသည်။)*

## Synthesis

- ခုနကလုပ်ဆောင်ခဲ့သော လှုပ်ရှားမှုကို လေ့လာ၍ အမျိုးသမီးများအပေါ် ခွဲခြားသည့်အမြင်ရှိသူများအား ချဉ်းကပ်စည်းရုံးရာတွင် သတိပြုရမည့်အချက်များကို စာရင်းပြုစု၍ နိဂုံးချုပ်ပါ။